## GENERAL SUBJECT:
## ဘုရားသခင်၏အလိုတော်ကို သိကျွမ်းခြင်းနှင့် လုပ်ဆောင်ခြင်း

Message One

### ဘုရားသခင်၏အလိုတော်

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၄း၁၁။ ကော၊၁း၉၊ ၁၈။ ၃း၄၊ ၁၀-၁၁။ ဧ၊၄း၃-၆၊ ၁၁-၁၂၊ ၁၆

**I. "ကျွန်ုပ်တို့၏ သခင်ဘုရားနှင့် ဘုရားသခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့် ဖြစ်၍ ဖန်ဆင်းလျက် ရှိကြပါ၏။ ထို့ကြောင့် ကိုယ်တော်သည် ဘုန်းအသရေ တန်ခိုးတော်ကို ခံစားထိုက်တော်မူ၏" - ဗျာ၊၄း၁၁။**

A. ဘုရားသခင်သည် အကြံအစည်တော်ရှိသော ဘုရားသခင်ဖြစ်ကာ၊ ကိုယ်တော်တိုင်၏ ကျေနပ်အားရရာ အလိုတော် ရှိသည် - ဧ၊၃း၉-၁၁။ ကော၊၁း၉။

B. ကိုယ်တော်သည် သူ၏အလိုတော်အတွက် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသည်၊ သို့မှသာ ကိုယ်တော်၏အကြံအစည်တော်ကို ပြီးမြောက်စေခြင်းနှင့် ပြည့်စုံစေခြင်း ရှိနိုင်မည်ဖြစ်သည်။

**II. ဘုရားသခင်၏အလိုတော်သည် ဘုရားသခင်၏ဆန္ဒဖြစ်သည်။ ဘုရားသခင်၏အလိုတော်သည် ကိုယ်တော်လုပ်ဆောင်လိုသောအရာ ဖြစ်သည် - ဧ၊၁း၉။**

A. ဘုရားသခင်၏ကောင်းသောကျေနပ်အားရရာမှာ ကိုယ်တော့်အလိုတော်၏အရာဖြစ်ပြီး၊ ကိုယ်တော်၏အလိုတော်၌ ကိုယ်ထင်ရှားသည်၊ သို့ဖြစ်၍ ကိုယ်တော်၏အလိုတော်သည် ပထမ ဖြစ်သည် - အငယ်၊၅။

B. ဘုရားသခင်သည် အလိုတော်၏နက်နဲခြင်းကို ခရစ်တော်၌ ကိုယ်တော်ဖွင့်ပြခြင်းမှတစ်ဆင့်၊ ယင်းမှာ ခရစ်တော်၏လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ထံ သိစေပြီဖြစ်သည် - အငယ်၊၉။ ၃း၉။

C. ဘုရားသခင်သည် ကိုယ်တော့်အလိုတော်၏ အကြံဉာဏ်တော်အတိုင်း အရာခပ်သိမ်းကို လုပ်ဆောင်တော်မူသည်။ ဘုရားသခင်၏အလိုတော်သည် ကိုယ်တော်၏ရည်ရွယ်ချက်ဖြစ်ပြီး၊ ကိုယ်တော်၏အကြံဉာဏ်တော်မှာ ကိုယ်တော်၏အလိုတော်သို့မဟုတ် ရည်ရွယ်ချက်ကို ပြီးမြောက်စေရန် နည်းလမ်းအား ကိုယ်တော်၏ဆင်ခြင်တော်မူခြင်းဖြစ်သည် - ၁း၁၁။

**III. ကောလောသဲစာစောင်သည် ကြီးမြတ်သော၊ ထာဝရဖြစ်သော ဘုရားသခင်၏အလိုတော်နှင့်စပ်လျဉ်းသည့်စာစောင်ဖြစ်သည် - ၁း၉။ ၄း၁၂။**

A. ကောလောသဲစာစောင်က ဘုရားသခင်၏အလိုတော်မှာ စကြဝဠာတစ်ခုလုံး၌၊ ဖန်ဆင်းခြင်း၌၊ ရွေးနုတ်ခြင်း၌၊ လာမည့်ခေတ်၌၊ ထာဝရကာလ၌ ကိုယ်တော်၏ဆန္ဒနှင့် ရည်ရွယ်ချက်အတိုင်း ဖြစ်ကြောင်း ဖွင့်ပြသည်။

B. ကောလောသဲ ၁း၉ ရှိ ဘုရားသခင်၏အလိုတော်မှာ ကိုယ်တော်၏ထာဝရအကြံအစည်တော်နှင့် ဆက်နွှယ်သော၊ ခရစ်တော်နှင့်စပ်လျဉ်း၍ ကိုယ်တော်၏စီမံကိန်းနှင့် ဆက်နွှယ်သော ကိုယ်တော်၏အလိုတော်ဖြစ်သည် - ဧ၊၁း၅၊ ၉၊ ၁၁။

C. ဘုရားသခင်၏အလိုတော်ကို ပြည့်ဝစွာ သိကျွမ်းမှုရှိခြင်းမှာ ဘုရားသခင်၏စီမံချက် ဖွင့်ပြခြင်းကို ရရှိခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် စကြဝဠာ၌ ဘုရားသခင်လုပ်ဆောင်ရန် စီမံထားသောအရာကို သိရှိနိုင်မည်ဖြစ်သည် - ဗျာ၊၄း၁၁။

**IV. ဘုရားသခင်၏အလိုတော်မှာ ခရစ်တော်၌ အာရုံစိုက်ထားပြီး၊ ခရစ်တော်အတွက် ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏အလိုတော်၌ အရာခပ်သိမ်းဖြစ်တော်မူသည် - ကော၊၁း၉။**

A. ၁း၉ တွင် ဘုရားသခင့်အလိုတော်မှာ ခရစ်တော်ကို ရည်ညွှန်းထားသည်။ ဘုရားသခင်၏အလိုတော်သည် ကျွန်ုပ်တို့က အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော် တည်းဟူသော ဘုရားသခင်၊ လူနှင့် စကြဝဠာရှိ အပေါင်းလက္ခဏာ

အရာခပ်သိမ်း၏ စစ်မှန်ခြင်းဖြစ်သောသူကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် အသက်ရှင်ခြင်းနှင့်ဆက်နွယ်၍ သာလွန်ထူးမြတ်လှသည် - ၂း၉၊၁၆-၁၇။

B. ခရစ်တော်သည် သာလွန်အထူးကဲဆုံးသောအရှင်၊ အရာခပ်သိမ်း၌ ပထမနေရာ ရှိသောအရှင် ဖြစ်တော်မူသည် - ၁း၁၈။

C. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာ၊ အလယ်ဗဟိုနှင့် အဝန်းအဝိုင်း ဖြစ်တော်မူသည် - ၁း၁၅-၂၇။ ဧ၊၁း၁၀။

1. ဘုရားသခင်၏စီမံကိန်း၌ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်တော်မူသည်။ ဘုရားသခင်သည် ခရစ်တော်နှင့် ခရစ်တော်တစ်ပါးတည်း - အံ့သြဖွယ်၊ သာလွန်အထူးကဲဆုံးသော၊ အရာအားလုံးပါဝင်သောခရစ်တော်၊ အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူသောအရှင်ကိုသာ အလိုရှိတော်မူသည် - မ၊၁၇း၅။ ကော၊၃း၁၀-၁၁။

2. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ အံ့သြဖွယ်သော၊ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် လုပ်ဆောင်ရန်ဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်း ဖြစ်လာနိုင်ရန် ဖြစ်သည် - ၁း၂၇။ ၃း၄၊ ၁၀-၁၁။

D. ဘုရားသခင်၏အလိုတော်မှာ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် ကျွန်ုပ်တို့၏ဝေစုဖြစ်လာရန်ဖြစ်သည် - ၁း၉၊ ၁၂။

E. ဘုရားသခင့်အလိုတော်မှာ ကျွန်ုပ်တို့က ခရစ်တော်ကို သိကျွမ်းခြင်း၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ခရစ်တော်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်နှင့် ကျွန်ုပ်တို့၏အသက်အဖြစ် ရရှိခြင်း ရှိစေဖို့ ဖြစ်သည် - ၃း၄၊ ၁၁။

## V. ဘုရားသခင့်အလိုတော်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို ရရှိရန်ဖြစ်သည် - ၁း၉၊ ၁၈။ ၂း၁၉။ ၃း၁၅။

A. ဘုရားသခင်၏အလိုတော်မှာ ခရစ်တော်အတွက် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်းနှင့် ကိုယ်တော်၏ထင်ရှားခြင်းဖြစ်ရန် ကိုယ်ခန္ဓာတော်ကို ရရှိဖို့ ဖြစ်သည် - ရော၊၁၂း၂၊ ၅။ ဧ၊၁း၅၊ ၉၊ ၁၁၊၂၂-၂၃။ ၄း၁၆။

1. ကိုယ်ခန္ဓာတော်အသက်တာကို အသက်ရှင်ခြင်းမှာ "ဘုရားသခင်၏အလိုတော်သည် အဘယ်အရာဖြစ်သည်ကို ပြနိုင်မည့်အကြောင်း" ဖြစ်သည် - ရော၊၁၂း၂၊ ၄-၅။

2. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ သင့်လျော်မှန်ကန်သော အင်္ဂါဝင်များဖြစ်၍၊ အသင်းတော်အသက်တာ၌ ပြုမူခြင်းနှင့် လှုပ်ရှားပါဝင်ခြင်းရှိမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်၌ရှိသော ပုဂ္ဂိုလ်များဖြစ်ကြလိမ့်မည်ဖြစ်သည် - ၁ကော၊၁း၁-၂။ ဧ၊၁း၁။ ၅း၁၇။ ရော၊၁၂း၂၊ ၄-၅။

B. အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ယင်းမှာ သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံများနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသည့် ထုံးဖွဲ့မှုတစ်ခုဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၄း၄-၆။

C. ခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်ကြသည် - ကော၊၁း၁၈က။ ၂း၁၉။ ဧ၄း၁၅-၁၆။

1. ကိုယ်ခန္ဓာတော်၌ အသက်ရှင်ခြင်းမှာ ဦးခေါင်းတော်အောက်၌ အင်္ဂါဝင်များနှင့်အတူ စုပေါင်းအသက်ရှင်ခြင်းဖြစ်သည် - အငယ်၊၁၅။ ကော၊၂း၁၉။

2. ကိုယ်ခန္ဓာတော်အသက်တာကို အသက်ရှင်ရန် ကျွန်ုပ်တို့သည် ဦးခေါင်းတော်အောက်၌ ရှိရမည်ဖြစ်ပြီး၊ ဦးခေါင်းတော်ကို ကျွန်ုပ်တို့၏အသက်၊ အဓိကကျသောအချက်၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၏ အလယ်ဗဟိုအဖြစ် ယူဆောင်ရမည်ဖြစ်သည် - ကော၊၁း၁၈က။ ၂း၁၉။

D. ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ကြီးထွားခြင်းနှင့်အတူ ကြီးထွားသည်။ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ကြီးထွားခြင်း၊ ဘုရားသခင်၏ပေါင်းထည့်ပေးခြင်း၊ ဘုရားသခင်၏တိုးပွားခြင်းအပေါ် မူတည်နေပါသည် - ၂း၁၉။ ဧ၄း၁၆။